ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ် ၊ ၃၄ ၊ နေပြည်တော်

# ညွှန်ကြားလွှာ

အမှတ် (၃/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

## ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ Treasury Bond နှင့် Treasury Bill ဝယ်ယူရေးကိစ္စ

၁။ ပုဂ္ဂလိက အာမခံကုမ္ပဏီများသည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် နည်းဥပဒေများ အခန်း(၄)၊ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (ခ) အရ ၎င်းတို့ လုပ်ကိုင်ခွင့်ရရှိသည့် အာမခံလုပ်ငန်း အမျိုးအစား အလိုက် ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ၏ ၃၀ ရာခိုင်နှုန်းနှင့်ညီမျှသော တန်ဖိုးငွေကို အာမခံလုပ်ငန်း ကြီးကြပ်ရေး အဖွဲ့အမည်နှင့် ပူးတွဲ၍ အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူရမည်ဖြစ်သည်။

၂။ ထိုသို့ အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များကို သတ်မှတ်ရာခိုင်နှုန်း အတိုင်း အဆင်ပြေ ချောမွေ့စွာ အပြည့်အဝ ဝယ်ယူနိုင်ရေးအတွက် ဥက္ကဋ္ဌ၊ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာန အကြီးအကဲများ၏ ညှိနှိုင်း ဆွေးနွေးပွဲအား ၈-၂-၂၀၁၇ ရက်နေ့တွင် ကျင်းပခဲ့ကြပြီး အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးရုံးသည် ၁၆-၂-၂၀၁၇ ရက်စွဲပါညွှန်ကြားလွှာအမှတ် (၁/၂၀၁၇) ဖြင့် Underwriter အဖြစ် ဆောင်ရွက်နေသော မြန်မာ့စီးပွားရေးဘဏ်တွင် Bid တင်လျှက် Non-competitive Rate ဖြင့် မပျက်မကွက် ဝယ်ယူသွားကြရန်၊ ဝယ်ယူပြီးစီးမှု အခြေအနေအား အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးရုံးသို့ အချိန်နှင့်တပြေးညီ မပျက်မကွက် (မပျက်မကွက်) တင်ပြပေးပါရန် ညွှန်ကြားချက် ထုတ်ပြန်ပြီး ဖြစ်ပါသည်။

၃။ သို့ရာတွင် တချို့သော ပုဂ္ဂလိက အာမခံကုမ္ပဏီများသည် ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ၏ ၃၀ ရာခိုင်နှုန်းနှင့်ညီမျှသော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသသာ ဝယ်ယူခြင်း၊ လုံးဝ မဝယ်ယူခြင်းနှင့် အတွင်းရေးမှူးရုံးသို့ အချိန်နှင့်တပြေးညီ မပျက်မကွက် တင်ပြရန်မှာ ပျက်ကွက်မှုများရှိပြီး ထုတ်ပြန်ထားသည့် ညွှန်ကြားလွှာအမှတ် (၁/၂၀၁၇) အား လိုက်နာမှု အားနည်းနေသည်ကို တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များကို သတ်မှတ်ရာခိုင်နှုန်း အပြည့်အဝ ဝယ်ယူရန် ကျန်ရှိနေသည့် **နောက်ဆက်တွဲ (က) နှင့် (ခ)** ပါပုဂ္ဂလိက အာမခံကုမ္ပဏီများ အနေဖြင့် ၂၅-၄-၂၀၁၇ ရက်နေ့ (အင်္ဂါနေ့) တွင် ကျင်းပမည့်အစိုးရငွေတိုက်စာချုပ်လေလံပွဲ၌ သတ်မှတ်ရာခိုင်နှုန်း အပြည့်အဝ ဝယ်ယူကြရန်၊ ဝယ်ယူပြီးစီးမှုအခြေအနေအား အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၊ အတွင်းရေးမှူးရုံးသို့ အချိန်နှင့်တပြေးညီ မပျက်မကွက် **(မပျက်မကွက်)** တင်ပြပေးရန် ထပ်မံ ညွှန်ကြားလိုက်သည်။

(လက်မှတ်) ၁၉.၄.၁၇
ဥက္ကဋ္ဌ (ကိုယ်စား)
(ဒေါက်တာ စန္ဒာဦး၊ အတွင်းရေးမှူး)

**ပုဂ္ဂလိက အာမခံကုမ္ပဏီများအားလုံး**

စာအမှတ်၊ FRD/IBRB (၁၀၇ / ၂၀၁၇)
ရက်စွဲ၊ ၂၀၁၇ ခုနှစ် ဧပြီလ ၁၉ ရက်

မိတ္တူကို
- ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- ဥက္ကဋ္ဌ၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

သိသာပါရန် တင်ပြအပ်ပါသည်။

- ရုံးလက်ခံ

နောက်ဆက်တွဲ(က)

# Treasury Bond နှင့် Treasury Bill တစ်စိတ်တစ်ဒေသသာ ဝယ်ယူထားရှိသည့် အာမခံကုမ္ပဏီ (၂) ခု စာရင်း

| စဉ် | ကုမ္ပဏီအမည် | ဝယ်ယူသည့် ဘဏ် | ဝယ်ယူသည့် ရက်စွဲ | သက်တမ်းကုန်မည့် ရက်စွဲ | သက်တမ်း (နှစ်) | Bid % | ဝယ်ယူပြီးသည့် တန်ဖိုး (ကျပ်သန်း) | ဝယ်ယူသည့် တန်ဖိုး စုစုပေါင်း (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | Grand Guardian Insurance Public Co., Ltd | MSEC | ၁၅-၁-၂၀၁၇ | ၂၄-၄-၂၀၂၀ | ၃ နှစ်၊ ၃ လ၊ ၅ ရက် | ၉.၄ % | ၅,၈၀၀.၀၀ | ၇,၈၀၀ | ၃၀% ပြည့်ရန် ကျပ်သန်း ၆,၀၀၀ ထပ်မံဝယ်ယူရန်ကျန်ရှိပါသည်။ |
| | | မစဘ ဘဏ်ခွဲ(၄) | ၂၃-၂-၂၀၁၇ | ၁၅-၅-၂၀၂၀ | ၃ နှစ်၊ ၂ လ၊ ၂၂ ရက် | ၉.၅ % | ၂,၀၀၀.၀၀ | | |
| ၂ | First National Insurance Public Co., Ltd | မစဘ ဘဏ်ခွဲ(၄) | ၂၃-၂-၂၀၁၇ | ၁၅-၅-၂၀၂၀ | ၃ နှစ်၊ ၁ လ၊ ၂၃ ရက် | ၉.၅ % | ၁၀,၀၀၀.၀၀ | ၁၀,၀၀၀ | ၃၀% ပြည့်ရန် ကျပ်သန်း ၃,၈၀၀ ထပ်မံဝယ်ယူရန်ကျန်ရှိပါသည်။ |

နောက်ဆက်တွဲ(ခ)

## Treasury Bond နှင့် Treasury Bill ဝယ်ယူခြင်းမရှိသည့် အာမခံကုမ္ပဏီ (၃) ခု စာရင်း

| စဉ် | ကုမ္ပဏီအမည် | ဝယ်ယူရမည့်တန်ဖိုး မတည်ရင်းနှီးငွေ၏ ၃၀ % (ကျပ်သန်းပေါင်း) | မှတ်ချက် |
|---|---|---|---|
| ၁ | Global World Insurance Company Limited | ၁၃,၈၀၀ | မြန်မာ့စီးပွားရေးဘဏ်တွင် Bid တင်ပြီး Non-competitive Rate ဖြင့် ၂၅-၄-၂၀၁၇ ရက်နေ့ (အင်္ဂါနေ့) တွင် ကျင်းပမည့် အစိုးရ ငွေတိုက်စာချုပ်လေလံပွဲ၌ ၎င်းတို့ ဝယ်ယူရမည့်ပမာဏအတိုင်း အပြည့်အဝ ဝယ်ယူသွားကြရန်နှင့် ဝယ်ယူပြီးစီးမှုအခြေအနေအား အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ အတွင်းရေးမှူးရုံးသို့ အချိန်နှင့် တပြေးညီ မပျက်မကွက် (**မပျက်မကွက်**) တင်ပြပေးရန်။ |
| ၂ | Young Insurance Global Co., Ltd | ၁၃,၈၀၀ | ။ |
| ၃ | Excellent Fortune Insurance Co., Ltd | ၁,၈၀၀ | ။ |